
http:\\www.dhammadownload.com



http:\\www.dhammadownload.com



ဓမ္မဒါနအလှူရှင်

http:\\www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

. . . . . . . . . . . . . . . .သို့

အမှတ်တရဓမ္မဒါန

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**

---

**အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

---

http:\\www.dhammadownload.com

# အရဟံဂုဏ်တော်

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို

ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

- - - - - - - - - - - - - - - - - - - - - - - - - - - -


စာမူခွင့်ပြုချက် - ၆၀၄/၂၀၀၄ ( ၉ )

မျက်နှာဖုံးခွင့်ပြုချက် - ၅၃၂/၂၀၀၄ ( ၉ )

မျက်နှာဖုံးပန်းချီ - နေဝင်းအောင်

<u>မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ</u>

ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ်၉၀-အေ၊အောက်ကြည့်မြင်တိုင်လမ်း၊အလုံမြို့နယ်။

<u>ထုတ်ဝေသူ</u>

တက်လမ်း ဦးရှိန်ဝင်း(၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ်(၁၉-အေ/၂)၊မိုလ်ရာညွန့်လမ်း၊ဒဂုံမြို့နယ်။

ဓမ္မဒါန

http:\\www.dhammadownload.com



# အနှိုင်းမဲ့ဘာဝနာ

လောကမှာ ရှိရှိသမျှ သမထဘာဝနာတွေ အားလုံးထဲမှာ ဗုဒ္ဓါနုဿတိဘာဝနာဟာ အနှိုင်းမဲ့ဘာဝနာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဗုဒ္ဓါနုဿတိဘာဝနာထက် စိတ်ကိုပိုပြီး မြင့်မြတ်စေတယ်၊ ဘဝကို ပိုပြီး ကြီးကျယ်စေတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားဘာဝနာ မရှိတော့လို့ပါပဲ။

ဗုဒ္ဓါနုဿတိဘာဝနာနဲ့ လဲလှယ်သင့်၊ လဲလှယ်ထိုက်တဲ့ တခြားဘာဝနာ လောကမှာ မရှိတော့တဲ့အတွက် ဗုဒ္ဓါနုဿတိဘာဝနာဟာ အနှိုင်းမဲ့ဘာဝနာ ဖြစ်ရပါတယ်။

http:\\www.dhammadownload.com

'ဘာဝနာ' ဆိုတဲ့ ပါဠိစကားလုံးက 'ဖြစ်စေခြင်း၊ တိုးပွားစေခြင်း' လို့ အဓိပ္ပာယ်ရပါတယ်။ စိတ်ကောင်းစိတ်မြတ်တွေ ဖြစ်ပေါ်လာအောင်၊ ဓာတ်ကောင်းဓာတ်မြတ်တွေ တိုးပွားလာအောင် ပြုလုပ်အားထုတ်တာကို ဘာဝနာလို့ ခေါ်ပါတယ်။

စိတ်အစဉ်မှာ ဓာတ်ကောင်းဓာတ်မြတ်တွေ တိုးပွားနေပြီဆိုရင် နှုတ်အမူအရာမှာလည်း ဓာတ်ကောင်းဓာတ်မြတ်တွေ ကိန်းဝပ်နေပါတယ်။ ကိုယ်အမူအရာမှာလည်း ဓာတ်ကောင်းဓာတ်မြတ်တွေ လွှမ်းခြုံနေပါတယ်။

ဘာဝနာကို ထိထိမိမိ ပွားသူတိုင်းရဲ့ ကိုယ်နှုတ်စိတ် အမူအရာသုံးမျိုးလုံးမှာ ကောင်းမြတ်တဲ့ ဓာတ်သဘောတွေ ပေါ်လွင်ထင်ရှားနေပါတယ်။ ဘာဝနာပွားနေပါလျက် ကိုယ်နှုတ်စိတ်အမူအရာ ဆိုးယုတ်နေတယ်ဆိုရင်တော့ ဘာဝနာကို နှလုံးသားထဲအထိ ရောက်အောင် မပွားဘဲ အပေါ်ယံ သာမန်ပွားနေလို့၊ ဒါမှမဟုတ် လူအထင်ကြီးခံရရုံ ပွားနေလို့၊ ဒါမှမဟုတ် နည်းမှန်လမ်းမှန် မပွားဘဲ နည်းမှားလမ်းမှား ပွားနေလို့ ဖြစ်ပါလိမ့်မယ်။

http:\\www.dhammadownload.com

သမထဘာဝနာနဲ့ ဝိပဿနာဘာဝနာလို့ ဘာဝနာ နှစ်မျိုးရှိတဲ့အထဲမှာ နိဗ္ဗာန်ကို တိုက်ရိုက်မြင်နိုင်တဲ့ မဂ်ဉာဏ်ရဲ့ အနီးကပ်ဆုံး ဘာဝနာက ဝိပဿနာဘာဝနာပါ။ ဝိပဿနာ ဘာဝနာကြောင့်သာ ဝိပဿနာဉာဏ်ပေါ်ပြီး မဂ်ဉာဏ်ဆိုက် နိုင်တဲ့အတွက် ဝိပဿနာဘာဝနာက သမထဘာဝနာထက် ပိုပြီး အဆင့်မြင့်ပါတယ်။ ပိုပြီး မြတ်ပါတယ်။

သမထဘာဝနာအားလုံးထဲမှာတော့ ဗုဒ္ဓါနုဿတိ ဘာဝနာဟာ အဆင့်အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်ပါတယ်။ ဘာ လို့လဲဆိုတော့ ဗုဒ္ဓါနုဿတိရဲ့ အာရုံက ဘုရားအာရုံဖြစ်ပြီး ဘုရားအာရုံဟာ တစ်လောကလုံးမှာ ရှိရှိသမျှ လောကီအာရုံ တွေထဲမှာ အမြတ်ဆုံးအာရုံ ဖြစ်နေလို့ပါပဲ။

အမြတ်ဆုံးအာရုံကို သတိရနေသူရဲ့ စိတ်မှာ အမြတ် ဆုံးဓာတ်တွေ ကူးစက်ပြီး အမြတ်ဆုံးကုသိုလ်တွေ တိုးပွားနေ ပါတယ်။ အမြတ်ဆုံးကုသိုလ်ကြောင့် အမြတ်ဆုံးကောင်း ကျိုးတွေ မလွဲမသွေ ရရှိနိုင်တာမို့ အမြတ်ဆုံးအာရုံကို အောက်မေ့ဆင်ခြင်ရတဲ့ ဗုဒ္ဓါနုဿတိဟာ အမြတ်ဆုံးဘာဝနာ ဖြစ်ရပါတယ်။

http:\\www.dhammadownload.com

'ဗုဒ္ဓ' ဆိုတာ ဘုရားဂုဏ်တော်၊ 'အနု' ဆိုတာ ထပ်တလဲလဲ၊ 'သတိ' ဆိုတာ အမှတ်ရတာ၊ 'ဗုဒ္ဓါနုဿတိ' ဆိုတော့ ဘုရားဂုဏ်တော်ကို ထပ်တလဲလဲ အမှတ်ရတာပေါ့။ ဘုရားဂုဏ်တော်ဆိုတာ ဘုရားရဲ့ အရည်အချင်း၊ ဘုရားရဲ့ အစွမ်းသတ္တိပါပဲ။ ဘုရားရဲ့ အရည်အချင်းတွေ၊ ဘုရားရဲ့ အစွမ်းသတ္တိတွေကို ထပ်တလဲလဲ အမှတ်ရနေတာ၊ ထပ်တလဲလဲ နှလုံးသွင်း ဆင်ခြင်နေတာကိုပဲ ဂုဏ်တော်ပွားတယ်၊ ဗုဒ္ဓါနုဿတိပွားတယ်လို့ ခေါ်ပါတယ်။

ဂုဏ်တော်ပွားတယ်ဆိုတာ တကယ်တော့ မိတ္တူကူးတာပါ။ မြတ်စွာဘုရားရှင်မှာရှိတဲ့ အရည်အချင်းတွေ၊ အစွမ်းသတ္တိတွေကို ကိုယ့်စိတ်ထဲ၊ ကိုယ့်နှလုံးသားထဲမှာ စိမ့်ဝင်ပျံ့နှံ့လာအောင် မိတ္တူကူးယူတာပါ။ စံပယ်ပန်းကို လက်ထဲဆုပ်ထားရင် စံပယ်ပန်းရနံ့ လက်မှာ ကူးစက်လာသလို မြတ်စွာဘုရားရှင်ရဲ့ အရည်အချင်းတစ်ခုခု၊ အစွမ်းသတ္တိတစ်ခုခုကို ထပ်တလဲလဲ အမှတ်ရနေရင် အဲဒီအရည်အချင်းမျိုး၊ အဲဒီအစွမ်းသတ္တိမျိုး ကိုယ့်စိတ်၊ ကိုယ့်နှလုံးသားမှာ ကူးစက်လာပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ အရည်အချင်းအမျိုးမျိုး၊ အစွမ်းသတ္တိအမျိုးမျိုးကို အမှတ်ရနေရင်တော့ ကိုယ်အမှတ်ရလိုက်တဲ့ အရည်အချင်းနဲ့ အလားတူအရည်အချင်းတွေ၊ ကိုယ်အမှတ်ရလိုက်တဲ့ အစွမ်းသတ္တိနဲ့ အလားတူအစွမ်းသတ္တိတွေ ကိုယ့်စိတ်၊ ကိုယ့်နှလုံးသားမှာ ကူးစက်လာတော့တာပါပဲ။

စိတ်နှလုံးမှာ ကူးစက်လာတဲ့ အရည်အချင်းတွေ၊ အစွမ်းသတ္တိတွေက နှုတ်ပေါ်၊ ကိုယ်ပေါ်အထိ ခုန်ဆင်းလာတဲ့အတွက် နှုတ်အမူအရာမှန်သမျှမှာလည်း အရည်အချင်းကောင်းတွေ၊ အစွမ်းသတ္တိကောင်းတွေ လွှမ်းခြုံပြီး ပြောလိုက်သမျှ စကားအားလုံး အဆင့်မြင့်စကားတွေ ဖြစ်သွားပါတယ်။ ကိုယ်အမူအရာ မှန်သမျှမှာလည်း အရည်အချင်းကောင်းတွေ၊ အစွမ်းသတ္တိကောင်းတွေ ပြည့်နှက်ပြီး ပြုလိုက်သမျှ လုပ်ရပ်အားလုံး အဆင့်မြင့်လုပ်ရပ်တွေ ဖြစ်သွားပါတယ်။

ကိုယ့်ရဲ့ လက်တွေ့ဘဝထဲမှာ ပြောသမျှ အဟုတ်၊ လုပ်သမျှ အမှန်၊ ကြံသမျှအကောင်းဖြစ်ဖို့အတွက် ဗုဒ္ဓါနု-ဿတိဘာဝနာ (ဘုရားဂုဏ်တော်ပွားတဲ့အလုပ်)က အပြည့်

http:\\www.dhammadownload.com

အဝ တာဝန်ယူပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားရှင်မှာရှိတဲ့ ဂုဏ်တော်တွေအားလုံးက 'ပြောသမျှ အဟုတ်၊ လုပ်သမျှ အမှန်၊ ကြံသမျှ အကောင်း' တွေချည်းဖြစ်နေလို့ပါပဲ။

အဓိပ္ပာယ်မသိဘဲ ပါဠိသက်သက် ပွားနေရုံနဲ့တော့ မြတ်စွာဘုရားရှင်ရဲ့ အရည်အသွေးကောင်းတွေ ကိုယ့်ဘဝထဲ ဘယ်လိုနည်းနဲ့မှ ရောက်မလာနိုင်ပါဘူး။ အင်္ဂလိပ်စကားမတတ်တဲ့ လူတစ်ယောက်ကို အင်္ဂလိပ်လို သွားဆဲလို့ စိတ်ဆိုးမှာ မဟုတ်သလို အင်္ဂလိပ်လို သွားချီးမွမ်းလို့လည်း ဝမ်းသာမှာ မဟုတ်သလိုပါပဲ။

'အရဟံ၊ အရဟံ' လို့ အခေါက်ပေါင်းများစွာ၊ ပုတီးပတ်ပေါင်းများစွာ ရွတ်နေရင် ကုသိုလ်တော့ ရပါလိမ့်မယ်။ ဒါပေမဲ့ အရဟံဂုဏ်တော်နဲ့ အလားတူအရည်အသွေးမျိုးတော့ ကိုယ့်ဘဝထဲ ကူးစက်မလာနိုင်ပါဘူး။ အရဟံရဲ့ အဓိပ္ပာယ်ကို မသိဘဲနဲ့ 'အရဟံ ဂုဏ်တော်ကြီးကို ကြည်ညိုလိုက်တာ' ဆိုတာလည်း လုံးဝ မဖြစ်နိုင်ပါဘူး။ အရဟံရွတ်ရင် စီးပွားတက်မယ်၊ လာဘ်ရွှင်မယ် ဆိုတဲ့ အမျှော်လောဘနဲ့

ရှုတ်နေတာမျိုးပဲ ဖြစ်ပါလိမ့်မယ်။

ဘုရားဂုဏ်တော်ပွားခြင်းရဲ့ အနှစ်သာရက အန္တ-ရာယ်ကင်းဖို့၊ လာဘ်ရှင်ဖို့ မဟုတ်ပါဘူး။ နေ့စဉ်ဘဝထဲက ကိုယ့်ရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်တွေကို ဂုဏ်တော်သဘာဝနဲ့ အညီ အကောင်းဆုံးဖြစ်အောင် ပြုပြင်ဖို့အတွက်ပါ။ ဂုဏ်တော်ဟာ ဘဝရဲ့ စည်းကမ်း၊ ဂုဏ်တော်ဟာ ဘဝရဲ့ လမ်းညွှန်ချက်လို့ ဆိုနိုင်ပါတယ်။ ဂုဏ်တော်လမ်းညွှန်ချက်နဲ့အညီ ကိုယ့်ဘဝကိုယ် ဖန်တီးတည်ဆောက်ဖို့ ဂုဏ်တော်ပွားရတာပါ။

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေက မရေမတွက်နိုင်အောင် အသင်္ချေရှိပါတယ်။ အဆုံးမရှိတဲ့ အနန္တပါ။ အသင်္ချေအနန္တသော ဘုရားဂုဏ်တော်တွေရဲ့ အနှစ်ချုပ်က ဂုဏ်တော်ကိုးပါးပေါ့။ ဗုဒ္ဓဘာသာဝင်တိုင်းနီးပါး ဂုဏ်တော်ပွားပြီဆိုရင် အဲဒီကိုးပါးကိုပဲ ပွားကြတာများလို့ ဂုဏ်တော်ကိုးပါးရဲ့ လိုရင်းအဓိပ္ပာယ်တချို့ကို အကျဉ်းချုပ် ပြောပြပါရစေ။

'အရဟံ - ကိလေသာကင်းစင်တော်မူသော

http:\\www.dhammadownload.com

မြတ်စွာဘုရား'

စိတ်ကို ပူလောင်စေတတ်တဲ့သဘောတွေ၊ စိတ်ကို ညစ်နွမ်းစေတတ်တဲ့ခတ်တွေကို ကိလေသာလို့ ခေါ်ပါတယ်။ လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ …. အစရှိတဲ့ စာတ်ဆိုးစာတ်ယုတ်၊ စာတ်ပုပ်စာတ်ညှီတွေဟာ ကိလေသာတွေပါ။ မြတ်စွာဘုရားရှင်မှာ အဲဒီ စာတ်ဆိုး စာတ်ပုပ်တွေ လုံးဝ မရှိဘူးဆိုတာကို ထပ်တလဲလဲ အာရုံပြုနေရင် ကိုယ့်စိတ်လည်း စာတ်ဆိုးစာတ်ပုပ်တွေ တဖြည်းဖြည်း ကင်းရှင်းပြီး စိတ်ကောင်းစိတ်မြတ်၊ စိတ်အေးစိတ်သန့်လေး ဖြစ်လာနိုင်ပါတယ်။

'အရဟံ - ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား'

မကောင်းမှုပြုတယ်ဆိုတာ စိတ်မှာ ကိလေသာရှိလို့ ပြုတာပါ။ ကိလေသာမှန်သမျှ လုံးဝ မရှိတော့တဲ့ မြတ်စွာဘုရားရှင်ဟာ လူရှေ့မှာရော၊ လူကွယ်ရာမှာပါ ဘာမကောင်းမှုမှ မပြုတော့ပါဘူး။ ဒီဂုဏ်ကို အမြဲသတိရနေတဲ့သူဟာ မကောင်းမှုပြုမယ်ကြံတိုင်း အလိုလို စိတ်တွန့်ဆုတ်ပြီး

http:\\www.dhammadownload.com

မကောင်းမှုအတော်များများကို ရှောင်ကြဉ်ဖြစ်သွားပါလိမ့်မယ်။

'အရဟံ - ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား'

ပူဇော်ထိုက်တဲ့ အရည်အချင်းကောင်းတွေရှိလို့ မြတ်စွာဘုရားရှင်ဟာ သတ္တဝါအားလုံးရဲ့ ပူဇော်အထူးကို ခံယူထိုက်ပါတယ်။ စိတ်ဓာတ်စင်ကြယ်တာ၊ အသိဉာဏ်ကြီးကျယ်တာ၊ အများအကျိုး သယ်ပိုးတာတွေဟာ ပူဇော်ထိုက်တဲ့ အရည်အချင်းကောင်းတွေပဲပေါ့။ ဒီဂုဏ်ကို ပွားရင်း ကိုယ့်ကိုယ်ကိုယ် ပူဇော်ထိုက်တဲ့သူ၊ ကူညီထိုက်တဲ့သူ၊ ချီးမြှောက်ထိုက်တဲ့သူ၊ စောင့်ရှောက်ထိုက်တဲ့သူဖြစ်အောင် အရည်အချင်းကောင်းတွေ ကြိုးစားဖြည့်ဆည်းနေရပါမယ်။

'သမ္မာသမ္ဗုဒ္ဓေါ - သိစရာအားလုံးတို့ကို အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသော မြတ်စွာဘုရား'

အများက သတ်မှတ်ထားတဲ့ ပညတ်အရှိ သိစရာတွေကိုရော၊ သဘာဝအတိုင်း အမြဲမှန်နေတဲ့ ပရမတ်အရှိ သိစရာတွေကိုရော၊ သိစရာအားလုံးကို မြတ်စွာဘုရား သိ

တော်မူပါတယ်။ မှားမှားယွင်းယွင်း သိတာ မဟုတ်ပါဘူး၊ အမှန်အတိုင်း သိတာပါ။ သူများဆီ တပည့်ခံလို့ သူများပြောနဲ့ သိတာ မဟုတ်ပါဘူး၊ ကိုယ်တော်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ သိတာပါ။ ဒီဂုဏ်ကို အမြဲပွားရင် ဉာဏ်ဓာတ်တွေ ကူးပြီး ဉာဏ်ကောင်းလာပါလိမ့်မယ်။ သိစရာမှန်သမျှ အမှန်အတိုင်း သိအောင်၊ ကိုယ်ပိုင်ဉာဏ်နဲ့ သိအောင် လေ့လာချင်တဲ့စိတ် လည်း ထက်သန်လာပါလိမ့်မယ်။

'ဝိဇ္ဇာစရဏသမ္ပန္နော - အသိဉာဏ်ရော၊ အကျင့် ပါ ပြည့်စုံတော်မူသော မြတ်စွာဘုရား'

မြတ်စွာဘုရားရှင်ဟာ သိသာသိပြီး မကျင့်တဲ့သူ၊ ကျင့်သာ ကျင့်ပြီး မသိတဲ့သူ မဟုတ်ပါဘူး။ သိလည်းသိ၊ ကျင့်လည်းကျင့်တဲ့သူပါ။ (အသိ ရှစ်မျိုးနဲ့ အကျင့် တစ်ဆယ့် ငါးမျိုးကိုတော့ သီးခြားကျက်မှတ်ပြီး ပွားများရပါမယ်။) ဒီဂုဏ်ကို ပွားပြီး လိုက်နာတဲ့သူဟာ အသိအကျင့် ဘက်စုံမြင့် တဲ့သူ ဖြစ်လာနိုင်ပါတယ်။

'သုဂတော - ကောင်းသောစကား (မှန်ကန်၍ အကျိုးရှိသောစကား) ကို ဆိုတော်မူသော မြတ်စွာဘုရား'

http:\\www.dhammadownload.com

မြတ်စွာဘုရားရှင်ဟာ မှန်လည်း မမှန်၊ အကျိုးလည်းမရှိတဲ့ စကားမျိုး လုံးဝ မပြောပါဘူး။ မှန်ပေမယ့် အကျိုးမရှိရင်လည်း လုံးဝ မပြောပါဘူး။ မှန်လည်းမှန်၊ အကျိုးလည်းရှိတဲ့ စကားမျိုးကိုသာ အခြေအနေ အချိန်အခါ ကြည့်ပြီး ပြောတော်မူပါတယ်။ ဒီဂုဏ်ကို တကယ် ကြည်ညိုနေတဲ့သူဟာ ဘာစကားပဲပြောပြော မှန်ဖို့နဲ့ အကျိုးရှိဖို့ကို အမြဲ ထည့်သွင်းစဉ်းစားဖြစ်သွားမှာပါ။

'လောကဝိဒူ - လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား'

သက်ရှိသတ္တဝါဆိုတဲ့ သတ္တလောက၊ သက်မဲ့ဘုံဌာန ဆိုတဲ့ ဩကာသလောက၊ ရုပ်နာမ်ပရမတ်ဆိုတဲ့ သင်္ခါရလောက၊ လောကသုံးပါးနဲ့ ပတ်သက်တဲ့ အကြောင်းအရာမှန်သမျှကို မြတ်စွာဘုရား နှံ့နှံ့စပ်စပ် အသေးစိတ် သိမြင်တော်မူပါတယ်။ ဒီဂုဏ်ကို ပွားရင် လောကအကြောင်းကောင်းကောင်းသိလာမှာပေါ့။

'အနုတ္တရောပုရိသဒမ္မသာရထိ - ဆုံးမထိုက်သော သတ္တဝါတို့ကို အတုမရှိ ဆုံးမတော်မူတတ်သော မြတ်စွာ

http:\\www.dhammadownload.com

ဘုရား'

မြတ်စွာဘုရားရှင်ဟာ အဆုံးအမခံယူမယ့်ပုဂ္ဂိုလ်ရဲ့ လိုအပ်ချက်နဲ့ ကွက်တိဖြစ်အောင် အတိအကျ ဆုံးမတော်မူ တတ်ပါတယ်။ မကောင်းမှု ကင်းရုံပဲ ဆုံးမသင့်တဲ့သူကို မကောင်းမှုကင်းရုံပဲ ဆုံးမပြီး ကောင်းမှုတိုးရုံပဲ ဆုံးမသင့်တဲ့ သူကို ကောင်းမှုတိုးရုံပဲ ဆုံးမပါတယ်။ တရားထူးရတဲ့အထိ ဆုံးမသင့်တဲ့သူကိုသာ တရားထူးရတဲ့အထိ ဆုံးမတော်မူ တာပါ။ လူတကာကို တရားထူး မရရအောင် အတင်းအဓမ္မ ဆုံးမနေတာ မဟုတ်ပါဘူး။ ဒီဂုဏ်ကို ပွားရင် သူ့နေရာနဲ့သူ၊ သူ့အဆင့်နဲ့သူ အခြေအနေ အချိန်အခါအားလျော်စွာ အံဝင် ခွင်ကျ ပြောဆိုဆုံးမတတ်လာပါလိမ့်မယ်။

'သတ္ထာဒေဝမနုဿာနံ - နတ်လူတို့၏ ဆရာတစ် ဆူဖြစ်တော်မူသော မြတ်စွာဘုရား'

နတ်လူသတ္တဝါတို့ကို ကောင်းရာကောင်းကြောင်း နည်းလမ်းကောင်းတွေ ညွှန်ကြားပြသတဲ့အတွက် မြတ်စွာ ဘုရားရှင်ဟာ နတ်လူ သတ္တဝါအားလုံးရဲ့ အားအကိုးထိုက် ဆုံး ဆရာတစ်ဆူ ဖြစ်တော်မူပါတယ်။ ဒီဂုဏ်ရဲ့ အစွမ်းသတ္တိ

http:\\www.dhammadownload.com

ကြောင့် အများအကျိုးကို ရှေ့တန်းကနေ ဦးဆောင်သယ်ပိုး နိုင်တဲ့သူ ဖြစ်လာပါလိမ့်မယ်။

'ဗုဒ္ဓေါ - သစ္စာလေးပါးကို ကိုယ်တိုင်လည်းသိ တော်မူ၊ သူတစ်ပါးတို့ကိုလည်း သိအောင် ဟောတော်မူသော မြတ်စွာဘုရား'

ဆင်းရဲအမှန်ဆိုတဲ့ ဒုက္ခသစ္စာ၊ ဆင်းရဲကြောင်းအမှန် ဆိုတဲ့ သမုဒယသစ္စာ၊ ဆင်းရဲချုပ်ရာအမှန်ဆိုတဲ့ နိရောဓသစ္စာ၊ ဆင်းရဲချုပ်ရာရောက်ကြောင်းလမ်းမှန်ဆိုတဲ့ မဂ္ဂသစ္စာ၊ သစ္စာ လေးပါးကို မြတ်စွာဘုရားရှင်ဟာ ကိုယ်တိုင်သိရုံမက သူ တစ်ပါးကိုလည်း သိအောင် ဟောစွမ်းနိုင်ပါတယ်။ ဒီဂုဏ် ကို ပွားရင် အမှန်တရားကို သိပြီး အမှန်တရားကို ဖြန့်ဝေ တတ်လာပါလိမ့်မယ်။

'ဘဂဝါ - ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရား'

မိမိစိတ်ကိုရော၊ တစ်လောကလုံးပါ အစိုးရတဲ့ ဣဿရိယ ဘုန်းတော်၊ မဂ်ဖိုလ်နိဗ္ဗာန်တရားနဲ့ ပြည့်စုံတဲ့ ဓမ္မဘုန်းတော်၊ များပြားသော အခြံအရံ၊ ပျံ့နှံ့သော အကျော်

http:\\www.dhammadownload.com

အာစောနဲ့ ပြည့်စုံတဲ့ ယသဘုန်းတော်၊ အတုမရှိသော ကျက်သရေတော်နဲ့ ပြည့်စုံတဲ့ သိရီဘုန်းတော်၊ လိုအင်ဆန္ဒ တောင့်တမှုမှန်သမျှ ခဏချက်ချင်း ပြည့်ဝတဲ့ ကာမဘုန်းတော်၊ အတုမရှိသော လုံ့လဝီရိယနဲ့ ပြည့်စုံတဲ့ ပယတ္တဘုန်းတော်၊ ဘုန်းတော်ခြောက်ပါးနဲ့ မြတ်စွာဘုရား ပြည့်စုံတော်မူပါတယ်။ ဒီဂုဏ်ကို ပွားရင် ကိုယ့်ကံ ကိုယ့်ဉာဏ်နဲ့ ထိုက်တန်တဲ့ ဘုန်းတန်ခိုးခြောက်မျိုး ပွားတိုးနိုင်ပါတယ်။

ဓာတ်ကူးစက်မှုသဘောအရသာ အကြောင်းအကျိုး ဆက်စပ်ပြီး ဘယ်ဂုဏ်တော် ပွားရင် ဘယ်လိုကောင်းကျိုး ရနိုင်တယ် လို့ ပြောရပေမယ့် တကယ်တော့ ဘယ်ဂုဏ်တော်ကိုပဲ ပွားပွား၊ ဘယ်လိုကောင်းကျိုးမျိုးကိုမဆို ရနိုင်တာချည်းပါပဲ။ ကိုယ်အနှစ်သက်ဆုံး ဂုဏ်တော်တစ်ခုကို စွဲစွဲမြဲမြဲပွားရုံနဲ့လည်း တခြားဂုဏ်တော်တွေရဲ့ ဓာတ်သတ္တိတွေ ကူးစက်ပြည့်စုံလာနိုင်ပါတယ်။

ဒါပေမဲ့ လက်တွေ့ကျင့်ကြံတဲ့နေရာမှာ သူ့နေရာနဲ့သူ အံဝင်ခွင်ကျ အနီးကပ် ပံ့ကိုင်ပေးဖို့အတွက်ကတော့ ဂုဏ်တော်အားလုံး ပွားများထားမှ စိတ်ချရပါတယ်။ ဥပမာ

http:\\www.dhammadownload.com

- စကားတစ်ခုခု ပြောတဲ့ကိစ္စမှာ သုဂတဂုဏ်တော်ကို သတိရလိုက်မှ ကိုယ့်ရဲ့ စကားကို သုဂတဂုဏ်တော်ရဲ့ လမ်းညွှန်ချက်နဲ့အညီ မှန်ကန်ပြီး အကျိုးရှိအောင် ဖွဲ့စည်း တည်ဆောက်ဖြစ်သွားမှာပေါ့။

ဘုရားဂုဏ်တော်တွေကို အဓိပ္ပာယ် ကျယ်ကျယ် ပြန့်ပြန့်နဲ့ တကယ် ပီပီပြင်ပြင် ပွားရင် ပွားသူရဲ့ စိတ်အခံပေါ် မူတည်ပြီး ကြီးကျယ်မြင့်မြတ်တဲ့ စိတ်ဓာတ်တွေ ကိန်းဝပ် ခိုင်မြဲလာနိုင်ပါတယ်။ ဘုရားဆုနဲ့ ထိုက်တန်တဲ့သူတွေ အတွက် အများအကျိုး သယ်ပိုးလိုစိတ် အထူး ထက်သန်လာ နိုင်သလို သာမန်သာဝကတွေအတွက်လည်း တရားထူး မြန်မြန်ရချင်တဲ့စိတ် အားကောင်းလာနိုင်ပါတယ်။

ဂုဏ်တော်အမြဲပွားသူရဲ့ စိတ်ဟာ အမြဲကြည်လင် အေးချမ်းနေတာမို့ ကြည်လင်အေးချမ်းတဲ့စိတ်နဲ့ ပါရမီဖြည့်ရင် ပါရမီအလုပ်တွေအပေါ် ငြီးငွေ့စိတ်ပျက်မှု မဖြစ်တော့ဘဲ ပါရမီကုသိုလ်တွေ တိုးပြီးရင်း တိုးလာသလို ကြည်လင်အေး ချမ်းတဲ့စိတ်ကို သတိပဋ္ဌာန်နည်းလမ်းနဲ့အညီ ဝိပဿနာ ဆက်ရှုသွားမယ်ဆိုရင်လည်း လွယ်ကူသက်သာစွာ တရား

http:\\www.dhammadownload.com

ထူးတရားမြတ် ရရှိနိုင်ပါတယ်။

တစ်ခါတုန်းက … သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှာ ဘုရားဂုဏ်တော်ကို စွဲစွဲမြဲမြဲ ပွားများတဲ့ 'ဖုဿဒေဝ' ဆိုတဲ့ မထေရ်မြတ်တစ်ပါး ရှိခဲ့ဖူးပါတယ်။ သီးခြားတရားထိုင်ရင်းနဲ့လည်း ဂုဏ်တော်ပွားများသလို သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်းနဲ့လည်း ဂုဏ်တော် ပွားများပါတယ်။ အထူးသဖြင့် စေတီရင်ပြင်မှာ တံမြက်စည်းလှည်းပြီးတဲ့အချိန်ဟာ မထေရ်မြတ်အတွက် ဂုဏ်တော်ပွားလို့ အကောင်းဆုံးအချိန်ပါပဲ။

တံမြက်စည်းလှည်းလိုက်လို့ အမှိုက်သရိုက်၊ အညစ်အကြေး ပြောင်စင်သွားတဲ့ စေတီရင်ပြင်ကို တစိမ့်စိမ့် ပြန်ကြည့်ရင်း …

'အမှိုက်သရိုက်၊ အညစ်အကြေး ကင်းရှင်းသွားတဲ့ စေတီရင်ပြင်ဟာ သန့်စင်ကြည်လင်နေသလို မြတ်စွာဘုရားရှင်ရဲ့ ကိလေသာ အမှိုက်သရိုက်၊ ကိလေသာ အညစ်အကြေး ကင်းရှင်းတဲ့ စိတ်အစဉ်ဟာလည်း သန့်စင်ကြည်လင်နေမှာပဲ'

'အရဟံ - ကိလေသာအရှုပ်ကင်း၍ စိတ်ရှင်းတော်မူသော မြတ်စွာဘုရား'

http:\\www.dhammadownload.com

'အရဟံ - ကိလေသာအညစ်တန့်၍ စိတ်သန့်တော်မူသော မြတ်စွာဘုရား'

'အရဟံ - ကိလေသာအပူဝေး၍ စိတ်အေးတော်မူသော မြတ်စွာဘုရား'

'အရဟံ - ကိလေသာအနှောက်မသီ၍ စိတ်ကြည်တော်မူသော မြတ်စွာဘုရား'

'အရဟံ - ကိလေသာကင်း စိတ်သန့်ရှင်းတဲ့အတွက် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ရဲ့ ပူဇော်အထူးကိုခံယူတော်မူထိုက်သော မြတ်စွာဘုရား'

စေတီရင်ပြင်မှာ တံမြက်စည်း လှည်းပြီးတိုင်း ဘုရားဂုဏ်တော်ပွားများနေတဲ့ ဖုသဒေဝမထေရ်မြတ်ကို မာရ်နတ်က သုံးကြိမ်တိုင်တိုင် လာရောက်နှောင့်ယှက်ပါတယ်။ ပထမနေ့မှာ မျောက်ညိုအသွင် ဖန်ဆင်းပြီး စေတီရင်ပြင်မှာ နွားချေးခြောက်တွေ ကြဲချ၊ ဒုတိယနေ့မှာ နွားအိုအသွင် ဖန်ဆင်းပြီး စေတီရင်ပြင်မှာ နွားချေးစိုတွေ စွန့်ချ၊ တတိယနေ့မှာ အရုပ်ဆိုးပြီး ခြေဆွံ့နေတဲ့ လူသားအသွင် ဖန်ဆင်းပြီး စေတီရင်ပြင်မှာ အစင်းကြောင်းထင်အောင်

http:\\www.dhammadownload.com

တရွတ်တိုက် ဆွဲသွားနဲ့ မထေရ်မြတ်ကို ဂုဏ်တော်အာရုံ ပျက်အောင် တစ်နေ့တစ်မျိုး အနှောင့်အယှက်ပေးပါတယ်။

ဒီပတ်ဝန်းကျင်မှာ ဒီလောက်ရုပ်ဆိုးတဲ့သူ မရှိမှန်း သတိထားမိသွားတဲ့ ဖုသဒေဝမထေရ်မြတ်က ...

'သင် မာရ်နတ်မဟုတ်လား'

'ဟုတ် ... ဟုတ်ပါတယ်ဘုရား'

'ဒါဖြင့် ... သင့်ကို ကျွန်ုပ် အကူအညီတစ်ခု တောင်းပါရစေ ...၊ သင်က သက်တော်ထင်ရှား မြတ်စွာ ဘုရားကို ကိုယ်တိုင်ဖူးမြင်ခဲ့ရဖူးသူဆိုတော့ ... ကျွန်ုပ်ကို မြတ်စွာဘုရားရဲ့ ပုံသဏ္ဌာန် ဖန်ဆင်းပြပါလား'

'ချွတ်စွပ်ကြီး တူအောင်တော့ ဖန်ဆင်းမပြနိုင်ပါဘူး ဘုရား ...၊ အနီးစပ်ဆုံး တူအောင်လောက်ပဲ ဖန်ဆင်းပြနိုင် ပါတယ်'

'အနီးစပ်ဆုံး တူရင်ကိုပဲ ကျေနပ်လှပါပြီ ...၊ ဖန်ဆင်းပြပါ ...၊ ကျေးဇူးအများကြီးတင်ပါတယ်'

မာရ်နတ်ဖန်ဆင်းပြတဲ့ မြတ်စွာဘုရားပုံတော်ကို ဖူးမြော်ကြည်ညိုရင်း ဖုသဒေဝမထေရ်မြတ်ရဲ့ စိတ်အစဉ်မှာ

http:\\www.dhammadownload.com

နှစ်သက်ဝမ်းမြောက်မှု ပီတိသောမနဿတွေ တဖွားဖွား ပေါ်ပေါက်လာပါတယ်။

'ကိလေသာ တင်းကျမ်းပြည့်နေတဲ့ မာရ်နတ်ရဲ့ ကိုယ်ပွား ဘုရားပုံတော်တောင်မှ ဒီလောက် ကြည်ညိုစရာ ကောင်းရင် ကိလေသာမှန်သမျှ အငွေ့အသက်မကျန် ကင်း စင်နေတဲ့ သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ပကတိရုပ် သွင်တော်ဆိုရင် ဘယ်လောက်များ ကြည်ညိုစရာ ကောင်း လိုက်မလဲ ...'

'အရဟံ - ကိလေသာကင်းစင်တော်မူသော မြတ် စွာဘုရား၊ စိတ်အပူအလောင်တွေ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ စိတ်အညစ်အကြေးတွေ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ စိတ်အရှုပ်အထွေးတွေ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ စိတ်အနှောက်အကျူတွေ ကင်းစင်တော်မူ သော မြတ်စွာဘုရား ...'

'လိုချင်တပ်မက်မှု လောဘတွေ ကင်းစင်တော်မူ သော မြတ်စွာဘုရား၊ စိတ်ဆိုးစိတ်ပျက်မှု ဒေါသတွေ ကင်း စင်တော်မူသော မြတ်စွာဘုရား၊ မောက်မာထောင်လွှားမှု

http:\\www.dhammadownload.com

မာနတွေ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ မနာလိုမှု ဣဿာတွေ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ ဝန်တိုမှု မစ္ဆရိယတွေ ကင်းစင်တော်မူသော မြတ်စွာဘုရား …'

'ပုံတော်အတွင်း ဂုဏ်တော်သွင်း' ပြီး ဗုဒ္ဓါနုဿတိ ဘာဝနာ ပွားများလိုက်လို့ ဖြစ်ပေါ်လာတဲ့ နှစ်သက် ဝမ်းမြောက်မှု ပီတိသောမနဿ၊ တည်ကြည်ငြိမ်းအေးမှု သမာဓိ ပဿဒ္ဓိနဲ့တကွ ထင်ရှားရာ ရုပ်တရား၊ နာမ်တရားတွေကို သတိပဋ္ဌာန်နည်းလမ်းအတိုင်း ဝိပဿနာဆက်ရှုတဲ့အတွက် ဖုဿဒေဝမထေရ်မြတ် .. မတ်တတ်တစ်ရပ်တည်းနဲ့ ရဟန္တာဖြစ်သွားပါတယ်။

ဗုဒ္ဓါနုဿတိဟာ သမထဆိုပေမယ့် ဗုဒ္ဓါနုဿတိကြောင့် ဖြစ်ပေါ်လာတဲ့ မွန်မြတ်နူးညံ့တဲ့ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တွေဘက် ဝိပဿနာဉာဏ်ဦးလှည့်လိုက်မယ်ဆိုရင် အလွယ်တကူနဲ့ တရားထူးတရားမြတ် ရရှိသွားနိုင်ပါတယ်။ သမာဓိအား အထူးကောင်းတဲ့အတွက် စိတ်သန့်ရှင်းစင်ကြယ်နေလို့ပါ။

အမှန်ကတော့ ဗုဒ္ဓါနုဿတိမှ မဟုတ်ပါဘူး။သတိ

http:\\www.dhammadownload.com

ပဋ္ဌာန် အလေ့အကျင့်သာ တွဲလုပ်ထားမယ်ဆိုရင် သာသနာ တွင်းမှာ ဘယ်သမထမဆို ဝိပဿနာဘက် ကူးပြောင်းလှည့် ယူလို့ ရတာချည်းပါပဲ။

ဖုဿဒေဝမထေရ်မြတ် ပွားများတဲ့ ဗုဒ္ဓါနုဿတိမှာ 'ပုံတော်' ရော၊ 'ဂုဏ်တော်' ရော နှစ်မျိုးလုံး ပါဝင်ပါတယ်။ 'ပုံတော်' အတွင်း 'ဂုဏ်တော်' သွင်းပြီး ပွားများမှုလည်း ပုံတော်သက်သက်၊ ဂုဏ်တော်သက်သက် ပွားများတာထက် ပီတိအရှိန် ပိုအားကောင်းနိုင်တာပါ။ ပီတိအရှိန် အားကောင်း လေ၊ လောကီကောင်းကျိုးရော၊ လောကုတ္တရာကောင်းကျိုးပါ ပိုဖြစ်ထွန်းလေပါပဲ။

'ပုံတော်' ကို ကြည်ညိုတာက 'သဒ္ဓါ' ရဲ့ အလုပ် ဖြစ်ပြီး 'ဂုဏ်တော်' ကို ကြည်ညိုတာကတော့ 'ပညာ' ရဲ့ အလုပ်ဖြစ်ပါတယ်။ ပုံတော်ရော၊ ဂုဏ်တော်ရော နှစ်မျိုးလုံးကို ကြည်ညိုတတ်မှ သဒ္ဓါနဲ့ပညာ ညီမျှပြည့်စုံတဲ့အတွက် ကိုယ့်ရဲ့ ဗုဒ္ဓါနုဿတိ အဆင့်အတန်းမြင့်ပါတယ်။

'ဟိုပုံတော်ကတော့ လုံးဝ အဓိပ္ပာယ် မရှိဘူး၊ ဒီ ပုံတော်ကတော့ လုံးဝ ကြည်ညိုစရာ မကောင်းဘူး' ...၊

'ဟိုပုံတော်ရဲ့ အချွန်အတက်တွေက ဘာတွေလဲ၊ ဒီပုံတော်ရဲ့ အထားအသိုတွေက ထေရဝါဒနဲ့ မကိုက်ဘူး' … စသည် အားဖြင့် ပုံတော်အတွင်း ဂုဏ်မသွင်းနိုင်ဘဲ ပုံတော်ကိုပဲ နေရာတကာ အပြစ်ရှာ၊ အပြစ်ပြောရင်း မကျေမနပ်ဖြစ်နေ တဲ့သူတွေဟာ ကိုယ့်မှာ သဒ္ဓါတရား အားနည်းကြောင်း ထုတ်ဖော်ဝန်ခံနေရာ ရောက်ပါတယ်။ (ပညာလည်း အား နည်းနေတာပါပဲ။)

'ဟိုပုံတော်မျိုးကိုပဲ ကြည်ညိုချင်တယ်' ..၊ 'ဟို အသားနဲ့ ထုတဲ့ဘုရားပဲ ကိုးကွယ်ချင်တယ်' ..၊ 'ရှေး ဟောင်းဘုရားမှ၊ ဒက္ခိဏသာခါဒီဇိုင်းမှ' နဲ့ … ပုံတော်ကိုပဲ အစွန်းရောက်အောင် ရွေးချယ်နေတာမျိုးကျတော့လည်း သဒ္ဓါနောက် ပညာမလိုက်နိုင်တဲ့သဘော ဖြစ်နေပြန်ပါတယ်။ (သဒ္ဓါလည်း အားနည်းနေတာပါပဲ။)

ဘယ်ခေတ်လက်ရာပဲ တွေ့တွေ့၊ ဘာအသားနဲ့ပဲ ထုထားထား၊ ဘယ်လိုပုံတော်မျိုးကိုမဆို 'ပုံတော်အတွင်း ဂုဏ်တော်သွင်း' ပြီး နှစ်သက်ဝမ်းမြောက်စွာ ကြည်ညိုတတ် တဲ့ သဒ္ဓါအား၊ ပညာအား ထူးခြားညီမျှတဲ့သူတွေသာ ဗုဒ္ဓါ

http:\\www.dhammadownload.com

နသူတိုရဲ့ အနှစ်သာရကို အပြည့်အဝ ခံစားခွင့်ရှိပါတယ်။

'ဂုဏ်တော်သာ အဓိက' မို့ ဂုဏ်တော်ကိုသာ လေးလေးနက်နက် အာရုံပြုတတ်ရင် ဘယ်ပုံတော်အပေါ်မှာမှ ပြဿနာရှာနေမှာ မဟုတ်တော့ပါဘူး။ ပုံတော်တွေအပေါ် ပြဿနာရှာနေတာဟာ ဂုဏ်တော်အထိ စိတ်မရောက်နိုင်ဘဲ ပုံတော်မှာတွင် သောင်တင်နေကြလို့ပါ။

ပုံတော်အတွင်း ဂုဏ်တော်သွင်းပြီးပဲ ပွားပွား၊ ဂုဏ်တော်အတွင်း ဂုဏ်တော်သွင်းပြီးပဲ ပွားပွား၊ ကိုယ်ပွားလိုက်တဲ့ ဂုဏ်တော်ရဲ့ သဘောသဘာဝ ကိုယ့်စိတ်ထဲ ရောက်လာဖို့၊ ကိုယ်ပွားလိုက်တဲ့ ဂုဏ်တော်ရဲ့ အနှစ်သာရ ကိုယ့်ဘဝထဲ ရောက်လာဖို့ အဓိကပါပဲ။ 'ကြည်ညိုရုံသက်သက် ဂုဏ်တော်ပွားခြင်းမဟုတ်၊ ကျင့်ကြံဖို့အတွက်ပါ ဂုဏ်တော်ပွားခြင်းဖြစ်သည်' ဆိုတာကို မမေ့ဖို့ အရေးကြီးပါတယ်။

ဂုဏ်တော်အမြဲပွားသူရဲ့ စိတ်ဟာ ဂုဏ်တော်သတ္တိ၊ ဂုဏ်တော်ဓာတ်တွေ အမြဲအရှိန်ဟပ်နေတဲ့အတွက် ရတနာတုံး၊ ရတနာခဲကြီးနဲ့ တူနေပါတယ်။ 'ရတနာရှိရာ ရတနာလာ'မြဲ ထုံးစံအတိုင်း ဂုဏ်တော်အမြဲပွားသူရဲ့ ထံမှောက်ကို ကောင်း

http:\\www.dhammadownload.com

ကျိုးမျိုးစုံ ဆိုက်ရောက်လာမှာ အသေအချာမို့ မြတ်စွာဘုရား ရှင်က 'ဂုဏ်တော်ပွားရင် လိုတရနိုင်တယ်' လို့ စကားကုန် မိန့်ကြားတော်မူခဲ့ပါတယ်။

တစ်လောကလုံးရဲ့ အံ့သြဖွယ်အကောင်းဆုံးပုဂ္ဂိုလ် ဖြစ်တဲ့ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပွားများခြင်းဖြင့် ပွားများသူရဲ့ သန္တာန်မှာ အံ့သြဖွယ်ကုသိုလ်တွေ တိုးပွားလာ တာမို့ ဂုဏ်တော်ပွားသူတိုင်း ပစ္စုပ္ပန်မှာရော၊ သံသရာမှာပါ ထူးခြားဆန်းကြယ် အံ့သြဖွယ်ကောင်းတဲ့ ကောင်းကျိုးချမ်း သာတွေ အလျှံပယ် ရရှိနိုင်ပါတယ်။

ကိုယ့်စိတ်ဓာတ်နဲ့ ကိုယ့်လုပ်ရပ်ကို အကောင်းမြတ် ဆုံးဖြစ်အောင် ပုံဖော်ထုဆစ်နိုင်တဲ့အတွက်ကြောင့်ရော၊ လိုအင်ဆန္ဒ တောင့်တမှုမှန်သမျှကို အဆင့်အတန်းအမြင့်ဆုံး ပြည့်ဝစေနိုင်တဲ့အတွက်ကြောင့်ပါ ဗုဒ္ဓါနုဿတိဘာဝနာဟာ ဘာဝနာအားလုံးရဲ့ ထိပ်ခေါင်တင် အနှိုင်းမဲ့ဘာဝနာ ဖြစ်ရပါ တယ်။

တစ်လောကလုံးရဲ့ အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ် စွာဘုရားရှင်က ဗုဒ္ဓါနုဿတိဘာဝနာဟာ အနှိုင်းမဲ့ဘာဝနာ

http:\\www.dhammadownload.com

ဖြစ်ပါတယ်လို့ 'ဘာဝေဟိ ဗုဒ္ဓါနုဿတိ၊ ဘာဝနာနုမနုတ္တ ရံ' ဆိုတဲ့ စကားတော်နဲ့ ဟောကြားညွှန်ပြထားတာမို့ လူသားတိုင်း လူသားတိုင်း ဗုဒ္ဓါနုဿတိဘာဝနာ ဆိုတဲ့ အနှိုင်းမဲ့ဘာဝနာကို သီးခြား ဘုရားရှေ့မှာ ထိုင်ရင်းနဲ့ပဲ ဖြစ်ဖြစ်၊ သွားရင်းလာရင်း, လုပ်ရင်းကိုင်ရင်း၊ ပြောရင်းဆို ရင်း, စားရင်းစွန့်ရင်းနဲ့ပဲဖြစ်ဖြစ် အမြဲမပြတ် ပွားများအား ထုတ်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ် ...။ ။

အပ္ပမာဒေန သမ္ပာဒေထ။

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)



http:\\www.dhammadownload.com

# ရွှေပါရမီလက်ကမ်းစာစဉ်

ဤစာအုပ်နှင့် ဤစာအုပ်ကဲ့သို့သော

လက်ကမ်းစာအုပ်ငယ်များကို

ဓမ္မဒါန ပြုလုပ်လိုပါက

အောက်ပါလိပ်စာအတိုင်း

ဆက်သွယ်စုံစမ်းနိုင်ပါသည်။


တက်လမ်းဆောက်လုပ်ရေးအဖွဲ့

အမှတ်(၆၁)၊ စဉ့်အိုးတန်းလမ်း(အောက်)၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၁၀၄၆၂၊ ၂၂၆၅၀၀။



[ပြင်ပစာအုပ်ဆိုင်များတွင် လုံးဝ ရောင်းချခွင့် မပြုပါ။

ဓမ္မဒါနသက်သက်အတွက်သာ စီစဉ်ပေးခြင်း ဖြစ်ပါသည်။]